CHANGE FOR PEACE FELLOWSHIP



# မှေးမှိန် သွားသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူမှုကွန်ယက်စာမျက်နှာ

Spring University Myanmar
SCHOOL
OF FEDERALISM
AND PEACE STUDIES

# မှေးမှိန် သွားသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူမှုကွန်ယက်စာမျက်နှာ

**ရေးသားသူများ- SSM- 16570, SSM-16566, SSM-16568**

လူ့ရယ်လို့ဖြစ်တည်လာတာသည်နှင့်တစ်ပြိုင်နက် လူသားတိုင်းရရှိထိုက်သောလူ့အခွင့်အရေးများ တစ်ပြိုင်ထဲပါရှိလာပါသည်။ ကုလသမဂ္ဂ၏အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈)တွင် လူသားတိုင်းရသင့်ရထိုက်သည့် လူ့အခွင့်အရေးအချက်(၃၀)ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ထိုကြေညာစာတမ်း၏အပိုဒ်(၁၉)တွင်ဖော်ပြချက်အရ လူသားတိုင်းတွင် လွပ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် ရှိသည်။။ ဤအခွင့်အရေးတွင် လွတ်လွပ်စွာ ထင်မြင်ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ လွတ်လပ်စွာ သတင်းရယူခွင့်၊ အကြံဉာဏ်များ ရယူခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို မည့်သည့် မီဒီယာကမှမခွဲခြားဘဲ ဖြန့်ဝေခွင့်တို့ပါဝင်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အခြားလူ့အခွင့်အရေးအားလုံး၏ အုတ်မြစ် ဖြစ်သော အခြေခံကျသည့်အခွင့်အရေးတစ်ခုဖြစ်ပါသည်။ လူသားတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဂုဏ်သိက္ခာနှင့် စစ်မှန်သောဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေသောနိုင်ငံတိုင်းတွင် မရှိမဖြစ်လိုအပ်သော အခြေခံအခွင့် အရေးတစ်ရပ်ဖြစ်ပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးသည် အာဏာရှင်စနစ်ကျင့်သုံးသော အုပ်ချုပ်သူအဆက်ဆက်တိုင်းကို ခြိမ်းခြောက်နေသော အခွင့်အရေးဖြစ်နေသည်မှာလည်း မလွဲကေန်ဖြစ်ပေသည်။ ဆိုလိုသည်မှာ မိမိတို့၏ အတွေးအမြင်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းဖြင့် သတင်းစီးဆင်းမှု၏ စွမ်းအားကို အာဏာရှင်များကောင်းစွာ သဘောပေါက်နားလည်ခြင်းကြောင့်ဖြစ်ပါသည်။ ယခု ဤဆောင်းပါးတွင် ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း အခြေခံလူ့အခွင့်အရေးများစွာ ချိုးဖောက်ခံနေရသောမြန်မာနိုင်ငံတွင် အာဏာမသိမ်းခင်ကာလများနှင့် နှိုင်းယှဉ်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် တစ်ဖြည်းဖြည်းမှေးမှိန်ပျောက် ကွယ်လာခြင်းကို ဆွေးနွေးတင်ပြမည်ဖြစ်သည်။

## အာဏာမသိမ်းခင် ဆိုရှယ်မီဒီယာပေါ်ရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် မြန်မာနိုင်ငံလို အာဏာရှင်စနစ် ကြာမြင့်စွာအုပ်ချုပ်ခံရပြီး လူမျိုးရေးပဋိပက္ခများနှင့် နိုင်ငံရေးဖိနှိပ်မှုတို့၏ သမိုင်းကြောင်းများစွာရှိသော နိုင်ငံတစ်နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လေသည်။ အာဏာရှင်ခေတ်အဆက်ဆက်၏ မီဒီယာများအပေါ် ချုပ်ကိုင်မှုကြောင့် လွတ်လပ်သောမီဒီယာများရှားပါးခဲ့ပါသည်။ ၂၀၁၁ နှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ဒီမိုကရေစီ တစ်ဖြည်းဖြည်း ပြောင်းလဲလာမှုသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ယူဆောင်လာခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်သက်ဆိုင်သော တင်းကျပ်သည့် ဥပဒေများအား ရုတ်သိမ်းခြင်းသည် လွတ်လပ်သောမီဒီယာများနှင့် ပွင့်လင်းသော ထုတ်ဖော်ပြောဆိုခွင့်များရှိလာစေရန် ကောင်းမွန်သောအစပြုခြင်းများဖြစ်လာစေသည်။

ခေတ်၏ တိုးတက်ပြောင်းလဲလာမှုများနှင့်အတူ Facebook သည် လွန်ခဲ့သောဆယ်စုနှစ်ကျော်မှအစပြု၍ မြန်မာနိုင်ငံ၏ အဓိကသတင်းအချက်အလက်များ၊ ဆက်သွယ်ရေးများအတွက် အသွင်ပြောင်းအရာ တစ်ခုဖြစ်လာခဲ့ပေသည်။ ၂၀၁၁ခုနှစ်တွင် မြန်မာလူဦးရေ၏ ၁%သာ အင်တာနက်အသုံးပြုနိုင်ခဲ့ပြီး အစိုးရမှ ပြည်တွင်းအင်တာနက်ဝန်ဆောင်မှု အားလုံးကို ထိန်းချုပ်ထားကြောင်း Freedom House မှ ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သော အစီရင်ခံစာအရသိရသည်။ ၂၀၁၁ နောက်ပိုင်းကာလများတွင် Facebook သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိက ဆက်သွယ်ရေး Platform တစ်ခုဖြစ်လာခဲ့သည်။ ထိုကာလများတွင် Facebook သည် နိုင်ငံရေးလှုပ်ရှားသူများ၊ စာနယ်ဇင်းသမားများနှင့် သာမန်နိုင်ငံသူနိုင်ငံသားများအတွက် နိုင်ငံရေးသတင်းအချက်အလက်များ မျှဝေရန်နှင့် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ရန် အကောင်းဆုံးသော Platform တစ်ခုဖြစ်ခဲ့သည်။ အစိုးရ အာဏာပိုင်များမှလည်း ထိုထုတ်ဖော်ပြောဆိုခွင့်များအား ခွင့်ပြုထားသည့်အလျောက် ဤကာလများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပြည်တွင်းစေ့စပ်ညှိနှိုင်းမှု ပန်းများပွင့်လန်းနေသည့် ကာလဟုသတ်မှတ်နိုင်ပါသည်။ အာဏာမသိမ်းခင်ကာလများအထိ မြန်မာပြည်သူလူထု၏ မိုတင်းနေထိုင်သူ ၅၃သန်းတွင် Facebook သုံးစွဲသူသည် ၂၂သန်းကျော်ရှိသည်။ Facebook သည် မြန်မာနိုင်ငံသားများအား လွတ်လပ်စွာ သတင်းရယူခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် အခြားသူများနှင့် ဆက်သွယ်ရန် လွတ်လပ်ခွင့်ပေးထားသော Platform တစ်ခုဖြစ်သည်။ ထိုကဲ့သို့တိုးတက်ပြောင်းလဲမှုများရှိခဲ့သော်လည်း စိန်ခေါ်မှုများလည်း ဆက်လက်ရှိနေသေးသည်။

## အာဏာသိမ်းပြီး ဆိုရှယ်မီဒီယာပေါ်ရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုနောက်ပိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အားနည်းစေသော အကြောင်းအရင်းများစွာပေါ်ပေါက်လာစေခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် ၂၀၂၀ ရွေးကောက်ပွဲမှ ရွေးကောက်တင်မြှောက်ခံရသောခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သတ်၍ ပြင်းထန်သောကန့်သတ်ချက်များချမှတ်ခဲ့သည်။ ဤစစ်အာဏာသိမ်းမှုတွင် စစ်တပ်သည် သတင်းမီဒီယာကြီးများကိုသာမက ပြည်သူများ၏ အတွေးအမြင်များကို လွတ်လပ်စွာထုတ်ဖော် ခွင့်ရသော Facebook, Instagram , Twitter ကဲ့သို့သော ဆက်သွယ်ရေး Platform များကိုပါ ပိတ်ဆို့ခြင်းများကို အကောင်အထည်ဖော်ခဲ့သည်။ ပြည်သူလူထုသည် အင်တာနက်အသုံးပြုခွင့်ရရှိရန်အတွက် Virtual Private Networks (VPN) ကဲ့သို့သော App များကိုအသုံးပြုကြရသည်။ စစ်အစိုးရသည် ၎င်းတို့အားဝေဖန်ပြောဆို သည့်သူများနှင့် ဒီမိုကရေစီထောက်ခံလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းရန်အတွက် Cybersecurity Law ကဲ့သို့သော ဥပဒေများကိုပြင်ဆင်ခဲ့သည်။ စာနယ်ဇင်းသမားများနှင့် တက်ကြွလှုပ်ရှားသူများအပါအဝင်၊ ဆိုရှယ်မီဒီယာ အသုံးပြုသူများကို မရေရာသောစွဲချက်များဖြင့် ဖမ်းဆီးခြင်းနှင့် ကြမ်းတမ်းသောပြစ်ဒဏ်များ ချမှတ်ခြင်းများပြုလုပ်ခဲ့သည်။ စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများရှိသော်လည်း ဆိုရှယ်မီဒီယာသည် အရေးပါသော ကဏ္ဍတွင်တည်ရှိဆဲပင်ဖြစ်သည်။ ဆိုရှယ်မီဒီယာများမှတစ်ဆင့် Civil Disobedience Movement (CDM) သို့သော လှုပ်ရှားများ အားကောင်းခဲ့သည်။

## မြန်မာနိုင်ငံ နှင့် လူ့အခွင့်အရေး

လူ့အခွင့်အရေးဟူသည် လူသားတိုင်းမွေးရာပါ လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်နေထိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတကရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်များကို ဆိုလိုခြင်းပင်ဖြစ်ပါသည်။ ထိုအခွင့်အရေးများတွင် အသက်ရှင်ရေး၊ လွတ်လပ်စွာနေထိုင်နိုင်ရေး၊ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ ပညာရေး၊ စီးပွားရေးများအပါအဝင် လူသားတစ်ဦးအနေနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရေး စသည့် အချက်များပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ဖေဖော်ဝါရီလ ၁ရက်နေ့ စစ်ကောင်စီ၏ အာဏာသိမ်းခြင်းမှ စတင်၍ လူ့အခွင့်အရေးထိခိုက်မှုများများစွာ ပေါ်ပေါက်လာခဲ့သည်။ လက်ရှိမြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် အလွန်ဆိုးရွားသည့် အခြေအနေတစ်ရပ်ဖြစ်နေပြီး ချိုးဖောက်ခံရမှုများစွာလည်း ဖြစ်ပေါ်လျက်ရှိသည်။ အာဏာသိမ်းစစ်အစိုးရသည် ၎င်းတို့ကိုထောက်ခံခြင်းမရှိသော လူငယ်များ၊ ဆန္ဒဖော်ထုတ်သူများ၊ သပိတ်မှောက်ကြသူများနှင့် နိုင်ငံရေးသမားများကို ရက်စက်စွာ ဖမ်းဆီးချုပ်နှောင်ကာ အကျဉ်းကျထောင်သွင်းခြင်းများ ပြုလုပ်နေသည်။ ထို့အပြင် များစွာသောအရပ်သားပြည်သူများကို လေကြောင်းတိုက်ခိုက်မှုများဖြင့်သော်လည်းကောင်း၊ မြေပြင်တိုက်ခိုက်မှုများဖြင့်သော်လည်းကောင်း အမျိုးမျိုးအ ထွေထွေသောနည်းလမ်းများဖြင့် ရက်စက်စွာအဆက်မပြတ်တိုက်ခိုက်နေသည်။ ၂၀၂၄ ခုနှစ်အတွင်းတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပေါင်း ၁၄၅ဦးသေဆုံးခဲ့ပြီး ထိခိုက်မှုအများအပြားလည်း ရှိနေခဲ့ပါသည်။

ထို့အပြင် တိုက်ပွဲများကြောင့် မြို့ပြ၊ ကျေးလက် စသည့်နေရာများတွင် စစ်ဘေး၊ စစ်ဒဏ်လွတ်မြောက်ရေးအတွက် မိမိ၏အိုးအိမ်စည်းစိမ်ကို စွန့်ခွာနေရသူအမြောက်အများလည်း ရှိနေပါသေးသည်။ စစ်ကောင်စီသည် လက်နက်ကြီးများကိုအသုံးပြု၍လည်း ရပ်ရွာဒေသများကို မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်သည်။ အကြမ်းဖက်မှုများကြောင့် နိုင်ငံ၏စီးပွားရေးများကျဆင်းလာခြင်းများဖြစ်လာပြီး မပြေလည်မှု များသော လူနေမှုဘဝများကို ပြည်သူတို့ခါးစည်းခံနေရသည်။ ကျန်းမာရေး၊ ပညာရေး နယ်ပယ်များတွင်လည်း လူသားတစ်ယောက်အနေဖြင့် ရသင့်ရထိုက်သောအခွင့်အရေးများကို ရရှိခြင်းမရှိဘဲ ဆုံးရှုံးလာရသည်။

ထိုကဲ့သို့သော အကြောင်းအရာအရပ်ရပ်အပြင် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ချိုးဖောက်ခံရခြင်း အမြောက်အမြားလည်းရှိနေပါသေးသည်။ စစ်ကောင်စီ၏ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနသည် မီဒီယာများအား အာဏာသိမ်းမှုနှင့်ဆက်နွယ်သော သတင်းအချက်အလက်များမျှဝေမှုကို ရှောင်ရှားပြီး ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်သည့် ကြေငြာချက်များထုတ်ပြန်ခဲ့သည်။ သို့သော်လည်း မီဒီယာများမှ ပူးပေါင်းခြင်းမရှိသည့်အတွက် ၂၀၂၁ မတ်လ ၈ ရက်နေ့တွင် စစ်ကောင်စီ၏ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနသည် Mizzima, DVB, Khit-Thit Media, Myanmar Now နှင့် 7 Days အစရှိသည့် မီဒီယာများကို လိုင်စင်သိမ်းကာ ထုတ်ဝေခွင့်များပိတ်ပင်ခဲ့သည်။ ထိုမျှပင်မက အာဏာသိမ်းပြီးအချိန်မှစ၍ ယခုလက်ရှိအထိ စစ်ကောင်စီမှ အခြားသောမီဒီယာများအပေါ်တွင်လည်း ဖမ်းဆီးပိတ်ပင်ခြင်းများ

ပြုလုပ်ခဲ့သေးသည်။ တချို့သော သတင်းထောက်များ နှင့် ဝန်ထမ်းများကိုလည်း ဥပဒေပုဒ်မ ၅၀၅(က)၊ ၅၀၅(ခ) နှင့် ၅၀၅(ဂ)တို့ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။ စာနယ်ဇင်း၊ မီဒီယာများ၏ မီဒီယာကျင့်ဝတ် နှင့်အညီ လွတ်လပ်စွာရေးသားခွင့်များပိတ်ပင်ကာ သတင်းထောက်များနှင့် မီဒီယာရှင်များကို ဖမ်းဆီးခြောက် လှန့်နှိပ်စက်မှုများ အဆက်မပြတ်ပြုလုပ်နေခဲ့သည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များ ကန့်သတ်ခံရခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူသားတိုင်းရသင့်သော လူ့အခွင့်အရေးတွင် ပါဝင်သည့် အချက်တစ်ချက်ပင်ဖြစ်သည်။ သို့သော်လည်း စစ်ကောင်စီလက်အောက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ပျောက်ဆုံးနေခဲ့သည်။ စစ်ကောင်စီသည် အာဏာသိမ်းပြီးချိန်မှစ၍ ဆိုရှယ်မီဒီယာပလက်ဖောင်းများမှတဆင့် ၎င်းတို့ကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ဆန့်ကျင်ဝေဖန်သူများကို ဖမ်းဆီးခြင်း ၊ပုဒ်မတပ်တရားစွဲခြင်းနှင့် အရေးယူခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် မီဒီယာများအား လုပ်ဆောင်ခွင့်များ ပိတ်ပင်ခြင်း၊ နိုင်ငံရေးသတင်းထောက်များ၊ ဝေဖန်ဆန္ဒပြသူများ၊ ပေါ်လစီစာရေးသားသူများအား ဖမ်းဆီးခြင်း တို့ကို လုပ်ဆောင်ခဲ့သည်။ အဆိုပါကိစ္စများကို ပြုလုပ်ပါက နိုင်ငံတော်ကို ပုန်ကန်မှုဖြင့်သတ်မှတ်ပြီး ပုဒ်မ ၅၀၅(က)အပြင် အခြားသော တရားစွဲဆိုခြင်းများကို ဆက်တိုက်ဆောင်ရွက်နေသည်။ "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်ပြီး ဖမ်းဆီးခံရသည့် လူဦးရေမှာ စုစုပေါင်း ၂၀၀ ကျော်အထိရှိပြီး အများစုမှာ အရပ်သားများဖြစ်ကြောင်း" အသံအဖွဲ့၏ လေ့လာမှုစစ်တမ်းတွင် တွေ့ရသည်။

စစ်ကောင်စီသည် အင်တာနက်မှတဆင့် လူထုအကြား လျင်မြန်စွာသတင်းစီးဆင်းမှုကို ကန့်သတ်တားဆီးရန် အားထုတ်ဆောင် ရွက်လာပြီး အချို့မြို့နယ်များတွင် အင်တာနက်လိုင်းဖြတ်တောက်ခြင်းများ ပြုလုပ်ခဲ့သည်။ နိုင်ငံတဝှမ်း ပဋိပက္ခဖြစ်ပွားနေသော မြို့နယ်အများစုတွင် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ "မြို့နယ်ပေါင်း ၃၃၀ တွင် ၁၆၉ မြို့နယ်သည် ဖုန်းလိုင်းနှင့် အင်တာနက်များ ဖြတ်တောက်ခံထားရသည်"ဟု လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေးလှုပ်ရှားနေသည့် အသံအဖွဲ့က ၂၀၂၄ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ထားသည်။ အာဏာသိမ်းပြီးအချိန်မှစ၍ အင်တာနက်လိုင်းများအသုံးပြုရန်အတွက် VPN ဟုအမည်ရသော ဆော့ဝဲလ်များ ကို အသုံးပြုလာရသည်။ သို့သော်လည်း အဆိုပါသုံးစွဲမှုများကို

ကန့်သတ်တားဆီးရန် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြဌာန်းလိုက်သည်။ နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်စာမျက်နှာများ၊ ထောက်ခံရေးသားသူများ၏ပို့စ့်များတွင် အသိအမှတ်ပြုမှုတစ်ခုခုပေးမိသည်နှင့် ထိုသူ၏ ကိုယ်ရေးအချက်အလက်ကိုစုံစမ်းကာ အိမ်တိုင်ရာရောက် ဖမ်းဆီးခြင်းများသည် အဆိုးရွားဆုံးဖြစ်သည်။ ထိုမျှသာမက ဖမ်းဆီးခံရသူ၏ မိသားစုဝင်များကိုလည်း အမျိုးမျိုးသော ခြိမ်းခြောက်မှုများပြုလုပ်နေဆဲဖြစ်သည်။

## အကြောက်တရားများဖြင့် ရှင်သန်နေရခြင်း

လူသားတစ်ဦး၏အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်ထားသည့် အလျောက် အကြောက်တရားကြီးစိုးသော လူနေမှုဘဝများအဖြစ် နေ့စဥ်နှင့်အမျှ ရှင်သန်နေထိုင်နေကြရပါ သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ပိတ်ပင်ခံရခြင်းမှတစ်ဆင့် အကြောက်တရားများဖုံးလွှမ်းပြီး အမှန်တ ရားများမှေးမှိန်ပျောက်ကွယ်လာနေရသည်။ ခေတ်အဆက်ဆက်စစ်အာဏာရှင်တို့သည် အမှန်တရားများ မှေးမှိန်ပျောက်ကွယ်လာရေးကို လိုလိုလားလားဖော်ဆောင်လိုကြသည်။ ၎င်းတို့နှင့်ဆန့်ကျင်ဘက်လားရာ တွင်လည်း အန္တရာယ်ကိုမမှုပဲ အမှန်တရားဘက်မှနေ၍ အမှန်တရား၏အသံကို ဆက်လက်ဖော်ထုတ်နေသော လူထုတစ်ရပ်လည်း ရှိနေဆဲဖြစ်ပါသည်။ ထိုကြောင့် စစ်အာဏာရှင်အလိုကျမဖြစ်ရန် အကြောက်တရားကို တော်လှန်ပြီး မိမိတတ်စွမ်းသည့်ဘက်မှနေ၍ အမှန်တရားပပျောက်မသွားရန်၊ စစ်မှန်သောအသံများ ဆက်လက်ပြန့်လွှင့်နေစေရန် အစဥ်အမြဲလုပ်ဆောင်ရန်လိုအပ်ပါသည်။

| ကဏ္ဍ | အာဏာမသိမ်းမီ(၂၀၁၁-၂၀၂၁) | အာဏာသိမ်းပြီး (၂၀၂၁- ၂၀၂၄) |
|---|---|---|
| မီဒီယာလွတ်လပ်ခွင့် | အကန့်အသတ်များရှိခဲ့သော်လည်း တိုးတက်လျက်ရှိ။ Mizzima ၊Myanmar Now ၊ The Irrawaddy ကဲ့သို့သော မီဒီယာများ ပွင့်လင်းစွာ တည်ရှိခဲ့။ | မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ ဝရမ်းထုတ်ခံရသူ ၁၄ ယောက်၊ အကျဉ်းချခံရသူ ၁၈၂ ယောက်၊ ထိန်းသိမ်းခံထားရသူ ၁၇၀ ယောက်၊ ပြန်လည်လွတ်မြောက်လာသူ ၁၂ ယောက်၊ သေဆုံးသူ ၂ယောက်။ |
| ဒီဂျစ်တယ်လွတ်လပ်ခွင့် | စောင့်ကြည့်မှုများရှိသော်လည်းလွတ်လပ်စွာအသုံးပြုခွင့်ရှိ၊ Facebook သည်လွတ်လပ်စွာပြောဆိုခွင့်အတွက် အဓိက platform တစ်ခုဖြစ်ခဲ့။ | ဆိုက်ဘာလုံခြုံရေးဥပဒေများထုတ်၍စောင့်ကြည့်ခြင်းများပြုလုပ်၊အင်တာနက်လွတ်လပ်ခွင့်ကို ပြင်းထန်စွာကန့်ကွက်ထား။ |
| သတင်းအချက်အလက်ရယူခွင့် | ပွင့်လင်းမှုများရှိခဲ့၊ အစိုးရ၏ဆင်ဆာဖြတ်တောက်မှုရှိနေသေးသော်လည်း လွတ်လပ်စွာသတင်းရယူခွင့်၊ဝေဖန်အစီရင်ခံတင်ပြခွင့်ရှိခဲ့။ | ပြင်းထန်စွာကန့်သတ်ထား။ နိုင်ငံပိုင်မီဒီယာများကလွှမ်းမိုးထားပြီး လွတ်လပ်သော သတင်းအချက်အလက်စီးဆင်းမှုများမရှိ။ |